ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

၂၃ ရက်မြောက်နေ့ အစီအစဉ်

[ ၃၀-၁၂- ၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ ) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အား ဆက်သွယ်ထားသော လပွတ္တာထိပ်စွန်း လမ်းမကြီးပေါ်ရှိ အုတ်တွင်းနှင့် သောင်လေးကြားရှိ မြေသားလမ်းတို့အား ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးရဲထွဋ်တင်၊ ဖားဆောင်း (ကိုယ်စား) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ မယ်စဲ့နယ်စပ်ကုန်သွယ်ရေး စခန်းနှင့် အနီးကပ်ဆုံးတွင် တည်ရှိသည့် ဖားဆောင်းမြို့နယ်အတွင်းတွင် ကုန်သွယ်ရေးဇုန် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ညို၊ လှိုင်ကော် မဲဆန္ဒနယ်၏ **ကယားပြည်နယ်၊ မြို့နယ်** အသီးသီးတွင်ရှိသော ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းပေးခြင်း ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ၏ ထည့်ဝင်ငွေများကို မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရေးမြို့နယ် မဟာဓာတ်အားလိုင်း** လျှပ်စစ်မီးကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ထားခြင်းရှိ၊ မရှိနှင့် အံဒင် ကျောက်မီးသွေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကိစ္စများအား ဆက်လက်ဆောင်ရွက်ရန် အခြေအနေရှိ၊ မရှိ သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊** မော်ဝန်းချောင်း တောင်ဘက်ခြမ်းရှိ ကွင်းပေါက်၊ ရွာသစ်ကြီး၊ ကြံပင်၊ သောင်ကြီး၊ တမံကြီးနှင့် ပီလခတ်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား သွယ်တန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ကူဝိတ်နိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာကို မှတ်တမ်းတင်ခြင်း၊

၇။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပေးပို့သော **"လျှပ်စစ်နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“အခကြေးငွေပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဥပဒေကြမ်းကော်မတီက **“ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို တင်သွင်းခြင်း၊

၁၂။ **“ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၃။ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **“ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။